Association of United Nationalities in Japan
在日ビルマ連邦少数民族協議会
ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း (ဂျပန်)
205 San E Bldg; 2-1-8 Shimoochiai, Shinjuku-ku, Tokyo 161-0033, Japan
Tel / Fax: 03-3565-2411, E.mail: aunjp2003@yahoo.com

ရက်စွဲ၊ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂၂ ရက်

# ငြိမ်းချမ်းစွာ ဆန္ဒပြသောပြည်သူလူထုအား ထောက်ခံကြိုဆိုကြောင်းနှင့် (၈၈)ကျောင်းသားခေါင်းဆောင်များအပါအဝင်ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်နေသူများအား မတရားဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းအားပြင်းထန်စွာရှုတ်ချကန့်ကွက်ခြင်း၊

နအဖစစ်အုပ်စုသည် မိမိတို့အာဏာတည်မြဲရေးအတွက် အတုအယောင်အမျိုးသားညီလာခံကျင်းပနေခြင်းကို လုံးဝဆန့်ကျင်ကန့်ကွက်ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၉၂)ဦး၏ တောင်းဆိုချက်ကိုထောက်ခံကြိုဆိုပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုသမဂ္ဂများအဖွဲ့ချုပ်၏ ကြေညာချက်ကိုထောက်ခံကြိုဆိုပါသည်။

ယနေ့တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ဘက်အသီးသီး၌ အထွေထွေအကြပ်အတည်းနှင့်ကြုံတွေ့နေရပါသည်။ ဩဂုတ်လ(၁၅)ရက်နေ့တွင် နအဖ စစ်အုပ်စုမှ လောင်စာဆီဈေးနှုန်းကို (၂)ဆမှ (၅)ဆ အထိတိုးမြှင့်လိုက်သည့်အတွက် တတိုင်းပြည်လုံးတွင် ကုန်ဈေးနှုန်းကြီးမှု ငွေကြေးဖေါင်းပွမှုများကြီးလာကာ ပြည်သူလူထု အသက်ရှင်နိုင်ရေးအတွက်စရိတ်စကကြီးမားကာ လူမှုဒုက္ခနှင့် နေ့စဉ်ရင်ဆိုင်နေရပြီး သည်းမခံနိုင်တော့၍ ပေါက်ကွဲလုလုဖြစ်နေပါသည်။

လောင်စာဆီဈေးနှုန်းတိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ငွေကြေးဖောင်းပွမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အထွေထွေ အကြပ်အတည်းများကို အရေးတကြီးဖြေရှင်းပေးရန် တပ်မတော်အစိုးရအား (၈၈)မျိုးဆက်ကျောင်းသားများမှ(၁၈–၈–၂၀၀၇)နေ့တွင် အလေးအနက်တောင်းဆိုထားခြင်းကို ထောက်ခံကြိုဆိုပါသည်။

(၈၈)မျိုးဆက်ကျောင်းသားများဦးဆောင်ပြီး လူ(၅၀၀)ကျော်ပါဝင်သော လမ်းလျှောက်ချီတက်ဆန္ဒပြခဲ့ခြင်းသည် ပြည်သူများကိုယ်စားသတ္တိရှိရှိ ပြတ်ပြတ်သားသား ဦးဆောင်တိုက်ပွဲဝင်ခြင်းဖြစ်၍ ထောက်ခံကြိုဆိုပါသည်။

လမ်းလျှောက်ချီတက်ဆန္ဒပြပွဲကို ဦးဆောင်ခဲ့သူ(၈၈)မျိုးဆက်ကျောင်းသားများနှင့် ကုန်ဈေးနှုန်းကျဆင်းရေးအတွက်ဆန္ဒပြမှုကို ဦးဆောင်နေသူ ကိုထင်ကျော်တို့အဖွဲ့၏လှုပ်ရှားမှုများကို အပြည့်အဝထောက်ခံအားပေးပါသည်။

စစ်အစိုးရမှ (၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင်များအပါအဝင် ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်နေသူများအား မတရားဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းအပေါ် အပြင်းအထန်ရှုတ်ချကန့်ကွက်လိုက်ပါသည်။

တနိုင်ငံလုံး ပြည်သူလူထုတရပ်လုံး ငြိမ်းချမ်းစွာ ဆန္ဒပြပြီး၊ ဒီမိုကရေစီရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ပါဝင်နေခြင်းကို ဂျပန်နိုင်ငံရောက် တိုင်းရင်းသားများနှင့်ဖွဲ့စည်းထားသော ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်)AUN-Japan မှ အပြည့်အဝထောက်ခံပါကြောင်းကျေညာအပ်ပါသည်။

ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်)

( 1 ) ကချင်အမျိုးသားဒီမိုကရေစီသမဂ္ဂအဖွဲ့(ဂျပန်) DKN-Japan
( 2 ) ကရင်အမျိုးသားအဖွဲ့ချုပ်(ဂျပန်) KNL-Japan
( 3 ) ချင်းတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်) CNC-Japan
( 4 ) နာဂအမျိုးသားများအဖွဲ့(ဂျပန်) NNS-Japan
( 5 ) ပလောင်အမျိုးသားများအဖွဲ့(ဂျပန်) PNS-Japan
( 6 ) ပုညဂါရီ မွန်အမျိုးသားများအဖွဲ့(ဂျပန်)PMNS-Japan
( 7 ) ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ပြည်ပ)ဂျပန် ALD(Exile)Japan
( 8 ) ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့(ဂျပန်) SND-Japan